# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

July 7 , 2022 Volume 56, Number 5


| ၇.၇.၂၀၂၂ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၄၇ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၁၈၅ ကျပ် |
| CBM Rate | = ၁၈၅၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၈၈၃.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၂၀.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၂၁၃.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၆၁.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၇၅.၉၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၃၅၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၂.၂၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၁၇.၈၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၁.၁၅၄ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း ဆန်ပြည်ပတင်ပို့မှု လုပ်ငန်းစဉ်များ စဉ်ဆက်မပြတ် ဆက်လက်တိုးတက်ဖွံ့ဖြိုးစေရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



https://www.commerce.gov.mm

၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့၊ (၁၀:၀၀) နာရီအချိန်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ Virtual စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့သည့် ဆန်ပြည်ပတင်ပို့မှုလုပ်ငန်းစဉ်များ စဉ်ဆက်မပြတ် ဆက်လက်တိုးတက်ဖွံ့ဖြိုးစေရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း တက်ရောက်အမှာစကားပြောကြားခဲ့သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာ၌ ယနေ့ဆွေးနွေးပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ၏ ဆန်စပါးကဏ္ဍသည် နိုင်ငံတော်၏ အဓိကအခန်းကဏ္ဍကနေ ပါဝင်နေသည့်အပြင် ဆန်ပြည်ပတင်ပို့မှု လုပ်ငန်းစဉ်များနှင့် ဆန်စပါးကဏ္ဍစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုလုပ်ရခြင်းဖြစ်ပါကြောင်း၊ စိုက်ပျိုးထုတ်လုပ်သည်မှ ပြည်ပတင်ပို့ရောင်းချသည်အထိ လုပ်ငန်းစဉ်တစ်လျှောက်တွင် ပါဝင်လုပ်ကိုင်ဆောင်ရွက်နေသူများအားလုံး အနေဖြင့် ကဏ္ဍတစ်ခုနှင့်တစ်ခုကို ချိတ်ဆက်ဆောင်ရွက်သွားရမှာဖြစ်ပါကြောင်း၊ ပြည်တွင်းစားသုံးမှုဖူလုံပြီး ပြည်တွင်းမွေးမြူရေးအစားအစာ လိုအပ်ချက်များနှင့် ချိန်ညှိ၍ ပိုလျှံသည်များကို ပြည်ပတင်ပို့နိုင်ရေးဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ လက်ရှိကာလတွင် ကုန်သွယ်မှုပုံစံများ ပြောင်းလဲလာသည်နှင့်အညီ ကုန်စည် အရည်အသွေးသတ်မှတ်ချက်၊ ဝယ်ယူမှုပုံစံအသစ်များ၊ တင်ပို့ရောင်းချမှုပုံစံများ ပြောင်းလဲလာခြင်းကြောင့် ကဏ္ဍအလိုက်စိန်ခေါ်မှုများ ကြုံတွေ့လာရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယနေ့ဆွေးနွေးပွဲတွင် ကဏ္ဍအလိုက်စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်မည့်နည်းလမ်းများကို ပွင့်ပွင့်လင်းလင်းဖြင့် ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးစေလိုပါကြောင်းနှင့် လိုအပ်သည်များကိုလည်း ညှိနှိုင်းပေါင်းစပ်ကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ဆန်ပြည်ပတင်ပို့မှုလုပ်ငန်းစဉ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်နေမှုအခြေအနေ၊ ပြည်တွင်း

စိုက်ပျိုးထွက်ရှိမှု၊ ပြည်တွင်းမွေးမြူရေးလုပ်ငန်းများ၏ လိုအပ်ချက်များနှင့်ချိန်ဆ၍ ပြည်ပတင်ပို့နေမှုအခြေအနေ၊ ဆန်ထွက်ပစ္စည်းများနှင့် တန်းမြင့်ဆန်များ ပြည်ပတင်ပို့မှုအခြေအနေ၊ ပို့ကုန်လိုင်စင်လျှောက်ထားမှုကိစ္စရပ်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်မှ ကူညီဆောင်ရွက်ပေးစေလိုသည်များကို ဆွေးနွေးတင်ပြခဲ့သည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် သက်ဆိုင်ရာအသင်းအဖွဲ့များမှ တာဝန်ရှိသူများက ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးထုတ်လုပ်သည်မှ ပြည်ပတင်ပို့ရောင်းချသည်အထိ လုပ်ငန်းစဉ်တစ်လျှောက် ကဏ္ဍအလိုက်လိုအပ်ချက်များအပေါ် အသီးသီးဝိုင်းဝန်းဆွေးနွေးခဲ့ကြပြီး တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံယမကာ ထုတ်လုပ်ဖြန့်ဖြူးသူများအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စပါး ကုန်သည်များအသင်း၊ မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းတို့နှင့်ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ ဆန်ပြည်ပတင်ပို့သည့်ကုမ္ပဏီများမှ တာဝန်ရှိသူများ Virtual စနစ်ဖြင့် ပါဝင်တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%85%E1%80%AE%E1%80%B8%E1%80

## ဧပြီလနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် စက်သုံးဆီ ၉၂ တစ်လီတာ ကျပ်နှစ်ထောင်အောက်သို့ ရောက်ရှိ

ဧပြီလနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် စက်သုံးဆီ ၉၂ တစ်လီတာ ကျပ်နှစ်ထောင်အောက်သို့ ရောက်ရှိလာကြောင်း စက်သုံးဆီအရောင်းဆိုင်များထံမှ သိရသည်။ ဇူလိုင် ၇ ရက်တွင် စက်သုံးဆီအရောင်းဈေးနှုန်းများမှာ ၉၂ တစ်လီတာလျှင် ၁၈၃၅ ကျပ်၊ ၉၅ တစ်လီတာလျှင် ၁၉၅၅ ကျပ်၊ ရိုးရိုးဒီဇယ်တစ်လီတာလျှင် ၂၁၉၅ ကျပ်၊ ပရီမီယံဒီဇယ်တစ်လီတာလျှင် ၂၂၂၅ ကျပ်ဖြစ်သည်။

ဇူလိုင် ၆ ရက်က ၉၂ တစ်လီတာလျှင် ၂၀၇၀ ကျပ်၊ ၉၅ တစ်လီတာ ၂၁၉၅ ကျပ်၊ ပရီမီယံဒီဇယ်တစ်လီတာလျှင် ၂၄၁၀ ကျပ်၊ ရိုးရိုးဒီဇယ်တစ်လီတာလျှင် ၂၃၈၀ ကျပ်ရှိခဲ့ပြီး ဇူလိုင် ၇ ရက်တွင် ဈေးနှုန်းများကျဆင်းလာခြင်းဖြစ်သည်။ ယင်းဈေးနှုန်းများမှာ ဧပြီလနောက်ပိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် ကျဆင်းလာခဲ့ခြင်းဖြစ်ပြီး စက်သုံးဆီဈေးနှုန်းများမှာ ကျပ် ၂၀၀၀ ကျော်အထက်တွင်သာရှိခဲ့သည်။

“ဧပြီလကုန်ကဈေးဖြစ်တဲ့ တစ်လီတာကျပ်နှစ်ထောင်အောက်ကို ပထမဆုံးအကြိမ်ပြန်ရောက်သွားပြီ”ဟု စက်သုံးဆီဈေးနှုန်းများကို လေ့လာစောင့်ကြည့်သူတစ်ဦးက ပြောကြားသည်။ ဧပြီ ၃၀ ရက်တွင် ဈေးကွက်အတွင်း ရောင်းချခဲ့သည့် စက်သုံးဆီဈေးနှုန်းများမှာ ၉၂ တစ်လီတာလျှင် ၁၉၆၀ ကျပ်၊ ၉၅ တစ်လီတာလျှင် ၂၀၂၀ ကျပ်၊ ပရီမီယံဒီဇယ်တစ်လီတာလျှင် ၂၃၄၅ ကျပ်၊ ရိုးရိုးဒီဇယ်တစ်လီတာလျှင် ၂၃၂၀ ကျပ်တို့ဖြစ်သည်။

**Source:** https://news-eleven.com/article/233610

## အိန္ဒိယဆန် ဈေးသက်သာလာချိန် ဘင်္ဂလားဒေ့ရှ်က ဆန်တင်သွင်းခွန်ကို ထက်ဝက်ကျော်လျှော့ချ

အိန္ဒိယရူပီးငွေဈေး ပိုအားပျော့လာတာကြောင့် အိန္ဒိယဆန်ဟာ ထိုင်း၊ ဗီယက်နမ်ဆန်တို့ထက် ပိုမိုဈေးသက်သာလာကာ ယခုအပတ်အတွင်း အိန္ဒိယဆန်အပေါ် ဝယ်လိုအား ကောင်းမွန်နေခဲ့ပါတယ်။ တစ်ချိန်တည်းမှာပဲ ဘင်္ဂလားဒေ့ရှ်နိုင်ငံက ကြီးမြင့်လာတဲ့ ပြည်တွင်းဆန်ဈေးကို ထိန်းချုပ်ဖို့ ဆန်တင်သွင်းခွန်ကို သိသိသာသာ လျှော့ချလိုက်ပါတယ်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံက ဆန်အပေါ် စည်းကြပ်ကောက်ခံတဲ့ သွင်းကုန်ခွန်ကို ယခင် ၆၂ ဒသမ ၅ ရာခိုင်နှုန်းကနေ ၂၅ ရာခိုင်နှုန်းအထိ လျှော့ချလိုက်တာပါ။ အိမ်နီးချင်း အိန္ဒိယနိုင်ငံဆီကနေ ဆန်ပမာဏ အများအပြား ဝင်ရောက်လာတော့မယ်လို့ ဘင်္ဂလားဒေ့ရှ် ကုန်သည်တွေက ခန့်မှန်းပြောဆိုကြပါတယ်။ ဆိုးရွားလှတဲ့ ရေကြီးရေလျှံမှုတွေဟာ သီးနှံဧရိယာများစွာကို ပျက်စီးစေခဲ့တာကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံရဲ့ အဓိကစပါးရာသီ ကောက်လှိုင်လှိုင်ပေါ်ချိန် ရောက်နေတာတောင် ပြည်တွင်း

ဆန်စျေးတွေ မြင့်တက်ခဲ့ပါတယ်။ ဘင်္ဂလားဒေ့ရှ်ဟာ ကမ္ဘာမှာ ဆန်စပါးထုတ်လုပ်မှု တတိယအများဆုံးဖြစ်ပေမဲ့ ဆိုင်ကလုန်း မုန်တိုင်း၊ ရေကြီးရေလျှံစတဲ့ သဘာဝဘေးတွေကြောင့် ပြည်တွင်းမှာ ဆန်လိုအပ်လျက်ရှိပြီး သွင်းကုန်နဲ့ဖြေရှင်းရတတ်ပါတယ်။

ဆန်တင်ပို့မှု ထိပ်သီးနိုင်ငံ အိန္ဒိယရဲ့ ငါးမှတ်ပေါင်းဆန်စျေးဟာ ယခင်အပတ်ကအတိုင်း မပြောင်းမလဲရှိခဲ့ပြီး တစ်တန်ကို ၃၅၅ ဒေါ်လာနဲ့ ၃၆၀ ဒေါ်လာကြား ရပ်တည်နေပါတယ်။ "ဝယ်လက်ဖောက်သည်တွေဟာ စျေးပိုသက်သာတဲ့ အိန္ဒိယဆန်ကို ပိုမိုသဘောတွေ့နေကြပါတယ်။ ၂၅ မှတ်ဆန်နဲ့ ဆန်ကွဲအပေါ် ဝယ်လိုအားကောင်းနေတာပါ" လို့ အိန္ဒိယတောင်ပိုင်း အန္ဓရ ဒေသပြည်နယ်၊ ကာကီနာဒါမြို့အခြေစိုက် ပို့ကုန်လုပ်ငန်းရှင်တစ်ယောက်က ပြောပါတယ်။

ထိုင်း ငါးမှတ်ဆန်စျေးကတော့ ယခင်အပတ်တုန်းက တစ်တန်ကို ၄၂၀-၄၂၅ ဒေါ်လာကြား ရှိခဲ့ရာကနေ ယခုအပတ်မှာ ၄၁၂-၄၁၅ ဒေါ်လာကြားကို ကျဆင်းလာပါတယ်။ "ဝယ်လိုအားတွေ ဝင်လာနေပါတယ်။ ဒါပေမဲ့ ပမာဏအများကြီးတော့ မဟုတ်ပါဘူး။ စျေးကွက်ငြိမ်နေပါတယ်။ အိန္ဒိယဆန်စျေးဟာ ထိုင်းဆန်ထက် ပိုနိမ့်နေတာကြောင့်ပါ" လို့ ဘန်ကောက် အခြေစိုက် ကုန်သည်တစ်ယောက်က ပြောပါတယ်။

လယ်သမားတွေဟာ ယခုနှစ် စပါးအထွက်ကောင်းမယ်လို့ မျှော်လင့်ထားပေမဲ့ ဓာတ်မြေဩဇာစျေး ကြီးမြင့်နေတဲ့အတွက် သူတို့ဟာ ဖိအားတွေအောက် ကျရောက်နေတယ်လို့ ၎င်းကုန်သည်ကပြောပါတယ်။ ဗီယက်နမ် ငါးမှတ်ဆန်ဟာ ယခင်တစ်ပတ်အကြာက တစ်တန်ကို ၄၁၈-၄၂၃ ဒေါ်လာကြား ရပ်တည်ခဲ့ရာကနေ ပြီးခဲ့တဲ့ ကြာသပတေးနေ့မှာ ၄၁၅-၄၂၀ ဒေါ်လာစျေးပေါက်ခဲ့ပါတယ်။ "ရိတ်သိမ်းဆဲ နွေစပါးတွေလည်း ပေါ်နေတာကြောင့် ဗီယက်နမ် ပြည်တွင်းဆန်ရောင်းလိုအား တက်နေပါတယ်" လို့ ဟိုချီမင်းစီးတီးမြို့ အခြေစိုက် ကုန်သည်တစ်ယောက်က ပြောပါတယ်။

ဗီယက်နမ်ရဲ့ ဇန်နဝါရီ-ဇွန် ကာလအတွင်း ဆန်တင်ပို့မှုဟာ ယခင်နှစ် တင်ပို့ပမာဏတန်ချိန် ၃ ဒသမ ၅ သန်းကနေ ၁၆ ဒသမ ၂ ရာခိုင်နှုန်းမြင့်တက်နိုင်ပြီး ပို့ကုန်ဝင်ငွေဟာ ၄ ဒသမ ၆ ရာခိုင်နှုန်းတိုးလာမယ်လို့ ဗုဒ္ဓဟူးနေ့မှာထုတ်ပြန်တဲ့ ဒေတာ အချက်အလက်များအရ သိရပါတယ်။

**Ref: BUYERS TURN TO CHEAPER INDIA GRAINS, BANGLADESH CUTS IMPORT DUTY – Reuters**

https://greenwaymyanmar.com/posts/Bangldesh_Cut_Import_Duty

## စားအုန်းဆီစျေးနှုန်းများ ဖိအားအောက်တွင် ဆက်ရှိနေမည်ဟု CGS-CIMB ခန့်မှန်း

စားအုန်းဆီကြမ်း Crude palm oil (CPO) စျေးနှုန်းများ လတ်တလောတွင် စျေးကွက်ဖိအားအောက်မှာ ဆက်ရှိနေဦးမည် ဖြစ်ရာ တစ်တန်လျှင် ရင်းဂစ် ၄,၀၀၀~၅,၀၀၀ ပတ်လည်တွင် ရှိနေမယ်လို့ မှန်းဆထားပါတယ်။

နိုင်ငံတကာ ကြားခံပွဲစားလုပ်ငန်းကြီး CGS-CIMB မှ ထုတ်ပြန်တဲ့ အချက်အလက်များအရ အင်ဒိုနီးရှားမှ စားအုန်းဆီ အမျိုးမျိုး ပုံမှန်ထက် ပိုများတဲ့ပမာဏဖြင့် စျေးကွက်ထဲပေးပို့နိုင်ဖွယ်ရှိနေပြီး ကမ္ဘာ့စီးပွားရေး ကြီးထွားနှုန်းနှေးကွေးနေ တာကြောင့် စျေးကွက်ဖိအား ဖြစ်ပေါ်နေတာဖြစ်ပါတယ်။ အင်ဒိုနီးရှားက ပြည်ပတင်ပို့မှု ပိတ်ပင်ထားခြင်း ရုပ်သိမ်းလိုက်ပြီး နောက်ပိုင်း မလေးရှား CPO လက်ငင်းစျေးနှုန်းများ ၃၀% ကျဆင်းခဲ့ပြီး တစ်တန်လျှင် ရင်းဂစ် ၄,၆၉၈ အထိ ကျဆင်းပါတယ်။

ဇွန်လ ၁၀ ရက်မှာ အင်ဒိုနီးရှားက ပြည်ပတင်ပို့ဖို့လုပ်ငန်းစဉ်ကို ရှင်းရှင်းလင်းလင်းဖြစ်အောင် ချမှတ်ပေးလိုက်ပြီး နောက်ပိုင်း ကျဆင်းမှုသိသာထင်ရှားခဲ့ပါတယ်။ ပြည်ပတင်ပို့ခွင့် စားအုန်းဆီပမာဏကို ပြည်တွင်းစားအုန်းဆီ ဟင်းချက်ဆီ တာဝန်ကျေရောင်းချတဲ့ domestic market obligation (DMO) ပမာဏအရဆုံးဖြတ်ပြီး ပါမစ်ချပေးခဲ့ပါတယ်။

CGS-CIMB အဆိုအရ အင်ဒိုနီးရှားက ပို့ကုန်ပါမစ် စုစုပေါင်း တန်ချိန် ၂.၄၄ သန်းကို မေလမှဇူလိုင် ၅ ရက်အထိ ကာလ အတွင်း ပါမစ်ချပေးပြီးဖြစ်ပါတယ်။ အဆိုပါ ပမာဏမှ ၁.၃၅ သန်းက DMO တာဝန်ကျေ ပါမစ်များဖြစ်ပါတယ်။ နောက်ထပ် ပါမစ်တစ်မျိုးက ပြည်ပတင်ပို့ခွင့် ပိတ်ပင်ထားတာကြောင့် ပြည်တွင်းဆီလှောင်ကန်တွေပြည့်နေတာကို ရှင်းထုတ်ဖို့အတွက် ပြည်ပသို့တင်ပို့ခွင့်ပေးတဲ့အစီအစဉ် flush out (FO) ဖြစ်ပါတယ်။ အဆိုပါ FO အစီအစဉ်အရ ချပေးထားတဲ့ ပါမစ်များက တန်ချိန် ၁.၀၉ သန်းရှိပါတယ်။

အခုလို ချပေးထားတဲ့ ပါမစ်များထဲမှ ပြည်ပသို့ တင်ပို့ပြီးတဲ့ပမာဏက တန်ချိန် ၁.၆၆ သန်းဖြစ်ပါတယ်။ DMO ပါမစ် များက တန်ချိန် ၀.၉ သန်း နှင့် FO ပါမစ်များက တန်ချိန် ၀.၇၆ သန်း ဖြစ်ပါတယ်။ CGS-CIMB ရဲ့ ခန့်မှန်းတွက်ချက်မှုအရ

ပြည်ပတင်ပို့မှု မူဝါဒ ၂၀၂၂ ပထမနှစ်ဝက်အတွင်း အပြောင်းအလဲများ အကြိမ်ကြိမ်ပြုခဲ့သဖြင့် အင်ဒိုနီးရှားတွင် စားအုန်းဆီလက်ကျန် သိုလှောင်ထားရှိတဲ့ပမာဏက ၂၀၂၂ ဇွန်လကုန်မှာ တန်ချိန် ၈~၈.၅ သန်းအထိ များပြားခဲ့ပါတယ်။ နှိုင်းယှဉ်ကြည့်လျှင် ၂၀၂၂ ဧပြီလကုန်မှာ လက်ကျန်သိုလှောင်မှုပမာဏ တန်ချိန် ၆.၁ သန်းသာရှိခဲ့ပြီး၊ ၂၀၂၁ ဒီဇင်ဘာလကုန်မှာ တန်ချိန် ၃. ၆ သန်းသာရှိခဲ့ပါတယ်။ အခုလို လက်ကျန်များပြားနေတဲ့အတွက် အင်ဒိုနီးရှားက တစ်လလျှင်တန်ချိန် ၃၃.၅ သန်း ပြည်ပသို့ မြန်နိုင်သမျှမြန်မြန် တင်ပို့ဖို့လိုအပ်နေပါတယ်။ များမကြာခင် ဆီအုန်းခိုင်ရာသီမရောက်ခင် ဆီလှောင်ကန်များ ရှင်းထားဖို့ အထူးလိုအပ်ပါတယ်။

ယခုလက်ရှိ သတ်မှတ်ပြဋ္ဌာန်းထားတဲ့ DMO အချိုးအစားက တာဝန်ကျေရောင်းချထားတဲ့ ပမာဏရဲ့ ၇ ဆကို ပြည်ပသို့ တင်ပို့ခွင့်ရှိပါတယ်။ ယခင်က ၅ ဆ ပေးထားတာကို တိုးမြှင့်ပေးလိုက်တာဖြစ်ပါတယ်။ အခုလို လက်ကျန်ချိန်ညှိနေစဉ် ကာလတစ်လျှောက် စားအုန်းဆီဈေးနှုန်းအပေါ် ဈေးကွက်ဖိအားဆက်ရှိနေမှာဖြစ်ပါတယ်။ လက်ကျန်တန်ချိန် ၄~၅ သန်းဖြစ်တဲ့အထိ ချိန်ညှိပေးရမှာ ဖြစ်ပါတယ်။ မလေးရှားရဲ့ CPO လက်ကျန်ပမာဏလည်း ကြီးထွားနေပါတယ်။

CGS-CIMB တွက်ချက်ခန့်မှန်းတာမှာ မလေးရှားရဲ့ CPO လက်ကျန်ပမာဏ တစ်လထက်တစ်လ ပျမ်းမျှအားဖြင့် ၁၀.၅% ကြီးထွားနေပါတယ်။ ၂၀၂၂ ဇွန်လမှာ လက်ကျန်ပမာဏ တန်ချိန် ၁.၆၈ သန်းဖြစ်လာပါတယ်။ ထုတ်လုပ်မှုများနေချိန် အင်ဒိုနီးရှားစားအုန်းဆီ ပြန်ဖွင့်လိုက်လို့ ပြည်ပတင်ပို့မှုလျော့ကျနေတာနဲ့ တိုက်ဆိုင်သွားတာကြောင့် လက်ကျန်များပြားလာနေတာဖြစ်ပါတယ်။ ဇွန်လမှာ မလေးရှားစားအုန်းဆီထုတ်လုပ်မှု တစ်လထက်တစ်လ ကြီးထွားနှုန်း ၆.၈ % ရှိခဲ့ပါတယ်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/fruits-vegetables/item/4667-cgs-cimb.html

## ပြည်တွင်း၌ ဒေါ်လာလိုအပ်ချက်ရှိနေသဖြင့် ပြည်ပသို့ တင်ပို့ခွင့်ပိတ်ထားသည့် ဆီထွက်သီးနှံများကို ပြန်လည်ခွင့်ပြုပေး

ငွေကြေးဈေးကွက်အတွင်း အမေရိကန်ဒေါ်လာလိုအပ်ချက် အများအပြားဖြစ်ပေါ်နေခြင်းကြောင့် တင်ပို့ခွင့်ပိတ်ပင်ထားတဲ့ ဆီထွက်သီးနှံများကို ပြန်လည်ခွင့်ပြုလိုက်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနက အင်္ဂါနေ့မှာ ထုတ်ပြန်ထားပါတယ်။

စားသုံးဆီအဓိကတင်ပို့တဲ့ အင်ဒိုနီးရှားလိုနိုင်ငံမျိုးက တင်ပို့မှုရပ်ဆိုင်းလိုက်ကတည်းက လယ်ယာထွက်ကုန်ပစ္စည်းတွေဖြစ်တဲ့ နှမ်းနက်ကလွဲပြီး မြေပဲနဲ့နှမ်းတို့ကို မေလ ၉ ရက်မှစတင်ပြီး ပြည်ပနိုင်ငံတွေထံ တင်ပို့ရောင်းချခွင့် ရပ်ဆိုင်းခဲ့ပါတယ်။ ယခုအခါ ပြည်ပနိုင်ငံတွေထံမှ စားသုံးဆီပုံမှန်တင်သွင်းလို့ ရနေပြီဖြစ်တာကြောင့် ဆီထွက်သီးနှံအုပ်စုဝင် မြေပဲနဲ့နှမ်းတို့ကို ပြည်ပသို့ ပြန်လည်တင်ပို့ခွင့်ပြုတာလို့ ကုန်သွယ်ရေးဦးစီးဌာနက အကြောင်းပြပါတယ်။

ပင်လယ်ရေကြောင်းက ဆီထွက်သီးနှံတင်ပို့ရင် ဒေါ်လာနဲ့ရောင်းရပေမယ့် နယ်စပ်မှာရောင်းချရင် ဘတ်နဲ့ယွမ်တို့ဖြစ်နေလို့ တစ်ပြေးညီတည်းဖြစ်အောင်လုပ်တာလို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အမြဲတမ်းအတွင်းဝန် ဦးမင်းမင်းက အင်တာဗျူးတစ်ခုမှာ ပြောကြားထားပါတယ်။

ပြီးခဲ့တဲ့ ရက်ပိုင်းမှာလည်း ဆန်၊ ပဲ၊ ပြောင်းတို့ကို ပြည်ပနိုင်ငံတွေထံ နယ်စပ်ကတစ်ဆင့် တင်ပို့ရောင်းချမှုတွင် အမေရိကန်ဒေါ်လာတစ်မျိုးတည်းသာ တင်ပို့ခွင့်ပြုရေးဆောင်ရွက်သွားဖို့ နိုင်ငံခြားသုံးငွေကြီးကြပ်မှုကော်မတီက ဆုံးဖြတ်ခဲ့ပါတယ်။

ယခင်က တရုတ်နဲ့ထိုင်းနယ်စပ်ကုန်သွယ်ရေးတို့မှာ ယွမ်နဲ့ဘတ်ငွေတို့ကို မြန်မာကျပ်နဲ့ တိုက်ရိုက်အသုံးပြုပေးချေဖို့ ညွှန်ကြားထားခဲ့ပေမယ့် ယခုလို ပြောင်းလဲသတ်မှတ်ခြင်းက ဒေါ်လာလိုအပ်ချက် များပြားနေခြင်းကြောင့်လို့ သုံးသပ်မှုတွေရှိလာပါတယ်။ ပြီးခဲ့တဲ့ ဇူလိုင်လ ၁ ရက်နေ့ကလည်း ပြောင်း၊ ပဲ၊ ဆီထွက်သီးနှံများအပါအဝင် လယ်ယာထွက်ကုန်ပစ္စည်းတွေကို နယ်စပ်ကတင်ပို့ရောင်းချပါက ယခင်က လိုင်စင်ကြေးအဖြစ် ဒေါ်လာ ၃၁၀ ကောက်ခံခဲ့ပေမယ့် ယခုအခါ တစ်တန်ကို ၃၆၀ ဒေါ်လာအထိ တိုးမြှင့်သတ်မှတ်ထားကြောင်း သိရှိရပါတယ်။

**Source: BETV Business**

## မန္တလေးဈေးကွက်အတွင်း အာလူးများ အရောင်းအဝယ်ကောင်းသဖြင့် တစ်ပိဿာ ငွေကျပ် ၁၈၀၀ ခန့် ပေါက်ဈေးရှိလာ

မန္တလေးဈေးကွက်အတွင်း အာလူးများ အရောင်းအဝယ်ကောင်းမွန်လာသဖြင့် တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀ ခန့် ပေါက်ဈေးရှိလာကြောင်း မန္တလေးမြို့အောင်ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍သိရသည်။

ယခုလက်ရှိပြည်တွင်းမှ ထွက်ရှိသည့် အာလူးများ မန္တလေးဈေးကွက်အတွင်း အဝယ်ပြန်လိုက်ပြီး အရောင်းအဝယ်ကောင်းမွန်လာကြောင်း၊ အာလူးဈေးနှုန်းမှာ အတက်ဘက်သို့ ပြန်လည်ရောက်ရှိလာကြောင်း သိရသည်။

“အခုလတ်တလောကတော့ မန္တလေးဈေးကွက်ထဲမှာ ဟဲဟိုးဘက်ကထွက်ရှိတဲ့ အာလူးတွေအရောင်းအဝယ်တော်တော်လေး ကောင်းမွန်နေတယ်။ မန္တလေးဈေးကွက်ထဲ အာလူးအဝယ်လိုက်နေတာကြောင့် ဈေးကွက်ထဲ ကုန်စည်လက်ကျန်ပြန်ရှားလာပြီး ဈေးနှုန်းကလဲ မြင့်တက်လာတယ်” ဟု ဒေါ်မေသဲဆွေကပြောပြသည်။

ယခင် ဇွန်လနောက်ဆုံးပတ်က မန္တလေးဈေးကွက်အတွင်း ပြည်တွင်းမှထွက်ရှိသည့် အာလူးတစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀ သာရှိခဲ့သော်လည်း ဇူလိုင် ၅ ရက်မှစ၍ အာလူးတစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀ ခန့် ပေါက်ဈေးရှိခဲ့သဖြင့် မန္တလေးဈေးကွက်အတွင်း အာလူးဈေးနှုန်း ပြန်လည်မြင့်တက်လာကြောင်း သိရသည်။

“နောင်ချို၊ မုံရွာ၊ ဟဲဟိုးစတဲ့ အာလူးတွေထဲမှာ မန္တလေးဈေးကွက်ထဲ အခုလတ်တလော ဟဲဟိုးဘက်က ထွက်ရှိတဲ့ အာလူးတွေ အရောင်းအဝယ်ပြန်ကောင်းမွန်လာပြီး ဈေးကောင်းလဲပြန်ရနေတယ်။ ပြည်ပကနေတင်သွင်းတဲ့ ပြည်ပအာလူးတွေထက် ပြည်တွင်းကထွက်တဲ့အာလူးက ဈေးနှုန်းမြင့်တက်လာတယ်” ဟု ဒေါ်မေသဲဆွေက ပြောပြ၍သိရသည်။

Source: ရတနာပုံသတင်းစာ

## မူဆယ် ၁၀၅ မိုင်မှ ပြည်ပသို့ ငါးခြောက်၊ ရော်ဘာနှင့်ကုန်ကြမ်းများတင်ပို့သည့် ကုန်တင်ယာဉ် ပြန်လည်များပြားလာ

မူဆယ် ၁၀၅ မိုင်မှ ပြည်ပသို့ ငါးခြောက်၊ ရော်ဘာနှင့်ကုန်ကြမ်းများတင်ပို့သည့် ကုန်တင်ယာဉ် ဇူလိုင် ၄ ရက်မှစ၍ ပြန်လည်များပြားလာကြောင်း အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်း (မူဆယ်မြို့) ဥက္ကဋ္ဌ ဦးဝင်းအောင်ခန့်ထံမှသိရသည်။

ယခုလက်ရှိ မြန်မာနိုင်ငံကထွက်ရှိသည့် ငါးခြောက်၊ ရော်ဘာအပါအဝင် အခြားကုန်ကြမ်းပစ္စည်းများကို မူဆယ်(၁၀၅)မိုင်မှ တစ်ဆင့်ပြည်ပသို့တင်ပို့နေသည့် ကုန်တင်ယာဉ်များ ပုံမှန်အတိုင်းပြေးဆွဲပေးလျက်ရှိကြောင်း၊ ယခုဇူလိုင် ၄ ရက်မှစ၍ ရော်ဘာ၊ ငါးခြောက်စသည့် ကုန်ကြမ်းများတင်ပို့သည့် ကုန်တင်ယာဉ်များပြားလာကြောင်း သိရသည်။

“အခု ဇူလိုင်လအတွင်းမှာတော့ ဖရဲ၊ သခွားတင်ပို့မှုတွေကတော့ အရင်ကထက် ပိုပြီးများလာတယ်။ အဓိကကတော့ တရုတ်ကုန်သည်တွေ မှာယူမှုတော်တော်လေးပြန်များတာကြောင့်ပါ” ဟု ဦးဝင်းအောင်ခန့်က ဆက်လက်ပြောပြသည်။

ယခင်က မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် ပြည်ပသို့ ငါးခြောက်၊ ရော်ဘာနှင့်အခြား ကုန်ကြမ်းတင်ပို့သည့်ကုန်တင်ယာဉ်သည် တစ်ရက်လျှင် အစီးရေ ၇၀ ကျော်သာရှိပြီး၊ ဇူလိုင် ၄ ရက်မှစ၍ ၎င်းကုန်စည်များကိုတင်ပို့သည့် ကုန်တင်ယာဉ်တစ်ရက်လျှင် အစီးရေ ၁၅၀ ကျော်ထိရှိလာကြောင်းသိရသည်။

အလားတူ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ သစ်သီးဝလံနှင့်အခြား ကုန်ကြမ်းပစ္စည်းများတင်ပို့နေသည့် ကုန်တင်ယာဉ်များအားလုံးကို ကျန်းမာရေးစစ်ဆေးမှုများ နေ့စဉ်ပြုလုပ်ပေးလျက်ရှိကြောင်း ဦးဝင်းအောင်ခန့်က ပြောပြ၍သိရသည်။

Source: ရတနာပုံသတင်းစာ

## စူးအက်တူးမြောင်း၏ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်ဝင်ငွေ အမေရိကန်ဒေါ်လာ ခုနစ်ဘီလီယံထိ မြင့်တက်လာ

ယခုနှစ် ဇွန် ၃၀ ရက်ထိ အကျုံးဝင်သော ပြီးခဲ့သည့်ဘဏ္ဍာနှစ်အတွင်း အီဂျစ်နိုင်ငံ စူးအက်တူးမြောင်း၏ ဝင်ငွေသည် ယခင်ဘဏ္ဍာနှစ်ထက် ၂၀ ဒသမ ၇ ရာခိုင်နှုန်း ပို၍မြင့်မားလာခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဇူလိုင် ၅ ရက်တွင် ဖော်ပြ

ခဲ့သည်။ စူးအက်တူးမြောင်း၏ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်ဝင်ငွေသည် အမေရိကန်ဒေါ်လာ ခုနှစ်ဘီလီယံထိရှိခဲ့ကြောင်း စူးအက်တူးမြောင်းအာဏာပိုင်အဖွဲ့က သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ထို့ပြင် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွင်း စူးအက်တူးမြောင်းကို ဖြတ်သန်းခဲ့သော ကုန်စည်ပမာဏသည် ယခင်ဘဏ္ဍာနှစ်ထက် ၁၀ ဒသမ ၉ ရာခိုင်နှုန်းမြင့်တက်လာပြီး တန်ချိန် ၁ ဒသမ ၃၂ သန်း ထိရှိခဲ့ကြောင်းသိရသည်။ ထို့အတူ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွင်း စူးအက်တူးမြောင်းကို ဖြတ်သန်းခဲ့သော သင်္ဘောအရေအတွက်မှာ ယခင်ဘဏ္ဍာနှစ်ကထက် ၁၅ ဒသမ ၇ ရာခိုင်နှုန်းပိုများခဲ့ပြီး အစင်းရေ ၂၂၀၃၂ စင်းထိရှိခဲ့ကြောင်း စူးအက်တူးမြောင်းအာဏာပိုင်အဖွဲ့၏ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

စူးအက်တူးမြောင်းသည် ဥရောပနှင့်အာရှကို ချိတ်ဆက်ပေးထားသည့် အတိုဆုံးရေလမ်းကြောင်းဖြစ်ပြီး အီဂျစ်အစိုးရ၏ အဓိကဝင်ငွေ အရင်းအမြစ်လည်းဖြစ်သည်။ လက်ရှိအချိန်တွင် အီဂျစ်အစိုးရသည် စူးအက်တူးမြောင်းကို ရေလမ်းကြောင်း ချဲ့ထွင်တည်ဆောက်မှုများ ပြုလုပ်လျက်ရှိကြောင်းသိရသည်။

**Source: ရတနာပုံသတင်းစာ**

## ၂၀၂၃ ခုနှစ်အတွင်း နှစ်စဉ် နှစ်နိုင်ငံကုန်သွယ်မှုတန်ဖိုး ဒေါ်လာဘီလီယံ ၁၀၀ ထိ မြှင့်တင်ရန် ဗီယက်နမ်နိုင်ငံနှင့်တောင်ကိုရီးယားနိုင်ငံတို့ သဘောတူ

ဗီယက်နမ်နှင့်တောင်ကိုရီးယားနိုင်ငံတို့သည် ၂၀၂၃ ခုနှစ်တွင် နှစ်စဉ် နှစ်နိုင်ငံကုန်သွယ်မှုတန်ဖိုးကို အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀ ထိ မြှင့်တင်ရန်နှင့် ၂၀၃၀ ပြည့်နှစ်အရောက်တွင် ဒေါ်လာဘီလီယံ ၁၅၀ ထိ မြှင့်တင်ရန် ရည်ရွယ်ထားကြောင်း ရိုက်တာသတင်းဌာနက ယနေ့(ဇူလိုင်-၆)တွင် ဖော်ပြခဲ့သည်။

နှစ်စဉ် နှစ်နိုင်ငံကုန်သွယ်မှုတန်ဖိုးမြှင့်တင်ရေး ရည်မှန်းချက်များကို တောင်ကိုရီးယားဝန်ကြီးချုပ် ဟန်ဒပ်ခ်ဆိုနှင့် ဗီယက်နမ်ဝန်ကြီးချုပ် ဖမ်မင်ချင်းတို့၏ ဇူလိုင် ၅ ရက် ဖုန်းခေါ်ဆိုဆွေးနွေးမှုအတွင်း သဘောတူခဲ့ခြင်းဖြစ်ကြောင်း ဗီယက်နမ်အစိုးရက သတင်းထုတ်ပြန်ထားသည်။

ဗီယက်နမ်နှင့်တောင်ကိုရီးယားတို့ကြား နှစ်နိုင်ငံကုန်သွယ်မှုတန်ဖိုးသည် ၂၀၂၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၇၈ ဘီလီယံထိရှိခဲ့ကြောင်းသိရသည်။ ဗီယက်နမ်နိုင်ငံအတွက် တောင်ကိုရီးယားနိုင်ငံသည် အရေးကြီးသည့် စီးပွားရေးမိတ်ဖက်နိုင်ငံဖြစ်သကဲ့သို့ အကြီးမားဆုံး ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အရင်းအမြစ်လည်းဖြစ်သည်။

တောင်ကိုရီးယား၏ ဆမ်ဆောင်းအီလက်ထရွန်နစ်ကုမ္ပဏီသည် ဗီယက်နမ်နိုင်ငံ၌ အကြီးမားဆုံးရင်းနှီးမြှုပ်နှံထားသော ပြည်ပကုမ္ပဏီတစ်ခုဖြစ်သည်။ ဇူလိုင် ၅ ရက် ဖုန်းခေါ်ဆိုဆွေးနွေးပွဲတွင် ဗီယက်နမ်ဝန်ကြီးချုပ်နှင့် တောင်ကိုရီးယားဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံကုန်သွယ်ရေးလိုငွေတန်ဖိုး ကွာဟချက်ကိုလျှော့ချရေးအတွက် နည်းလမ်းများရှာရန်လည်း သဘောတူခဲ့ကြကြောင်းသိရသည်။

**Source: ရတနာပုံသတင်းစာ**

## ရန်ကုန်တိုင်းဒေသကြီးရှိ အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်တွင် ဆေးရောင်စုံ ကျွန်းပန်းပုကားချပ်များ အရောင်းသွက်နေ



Source: ရတနာပုံသတင်းစာ

ရန်ကုန်တိုင်းဒေသကြီးရှိ အမှတ်တရလက်ဆောင်ပစ္စည်း ဈေးကွက်တွင် ဆေးရောင်စုံကျွန်းပန်းပု ကားချပ်များအရောင်းသွက်နေကြောင်း ဗဟန်းမြို့နယ်ရှိ ယမင်းရွှေစင် အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင် မန်နေးဂျင်းဒါရိုက်တာ ဒေါ်ယမင်းရွှေစင်က ပြောပြ၍သိရသည်။

လက်ရှိ ဈေးကွက်အတွင်း အရောင်းသွက်နေသည့် အလျား သုံးပေ၊ အနံ တစ်ပေခွဲရှိ ဆေးရောင်စုံ ကျွန်းပန်းပုကားချပ်များမှာ တရားဦးစမ္မစကြာ၊ ရွှေဇီးကွက်မောင်နှံ၊ ကိန္နရီကိန္နရာမောင်နှံ ပန်းပုပန်းချီကား များဖြစ်ပြီး လက်ဆောင်ပေးရန်အတွက် အဓိကဝယ်ယူနေကြကြောင်း သိရသည်။

"ဧပြီလ နောက်ပိုင်းကစပြီးတော့ တစ်လနဲ့တစ်လ ဈေးကွက်အနေအထား တိုးတက်လာပါတယ်။ မန္တလေး၊ ပဲခူး၊ ရန်ကုန် ဒါးပိန် အဲဒီဘက်တွေက ပန်းပုထည်အသစ်အဆန်းတွေ ဈေးကွက်ထဲကို ဝင်လာသလို ဝယ်ယူမှုကလဲ တစ်လနဲ့ တစ်လက သိသိသာသာတက်လာတယ်။ အလှူမင်္ဂလာပွဲတွေ ပြန်လုပ်လာတဲ့အတွက် အမှတ်တရလက်ဆောင်ပစ္စည်းတွေ အရောင်းပြန်ဖြစ်လာပြီဖြစ်ပါတယ်။ အခု ဒီဇူလိုင်လဆန်းမှာ မန္တလေးက ရောင်စုံခြယ်ထားတဲ့ ပန်းပုကားချပ်တွေ ဒီဇိုင်း လေးမျိုးလောက်ဝင်လာတယ်။ အကုန်လုံးရောင်းရပါတယ်။ ဒီလဆန်းမှာ တစ်ရက်ကိုပန်းပုကားချပ် ငါးချပ်လောက် ရောင်းရပါတယ်" ဟု ယမင်းရွှေစင်အမှတ်တရ လက်ဆောင်ပစ္စည်းအရောင်းဆိုင် မန်နေးဂျင်းဒါရိုက်တာ ဒေါ်ယမင်းရွှေစင်က ပြောပြသည်။ အဆိုပါ ရောင်စုံပန်းပုကားချပ်များသည် တစ်ချပ်လျှင် ငွေကျပ် ၁၄၅၀၀၀ ဈေးရှိကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဇွန် ၁၇ ရက်ထိ အမေရိကန်ဒေါ်လာ ၄၂ ဒသမ ၄၃၂ သန်းဖိုးရှိ သစ်သီးဝလံ ၁၁၆၃၁၂ ဒသမ ၉ တန် ပြည်ပသို့ တင်ပို့ရောင်းချခဲ့



Source: ရတနာပုံသတင်းစာ

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဇွန် ၁၇ ရက်ထိ အမေရိကန်ဒေါ်လာ ၄၂ ဒသမ ၄၃၂ သန်းဖိုးရှိ သစ်သီးဝလံ ၁၁၆၃၁၂ ဒသမ ၉ တန် ပြည်ပသို့ တင်ပို့ရောင်းချပေးခဲ့ကြောင်း ကုန်သွယ်ရေးဦးစီးဌာန၏ သတင်းများအရ သိရသည်။

မြန်မာနိုင်ငံမှ ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ ဖရဲသီး၊ သခွားမွှေး၊ လိမ္မော်သီး၊ သရက်သီး၊ ပန်းသီး၊ မင်းကွတ်သီး၊ နာနတ်သီး၊ ထောပတ်သီး၊ တစ်သျှူး ငှက်ပျော၊ သံပရာသီး၊ ငှက်ပျောသီး(ရိုးရိုး)၊ အုန်းသီး၊ MACADIMIA သီးနှင့် မက်မန်းသီး များကို တင်ပို့ရောင်းချပေးလျက်ရှိကြောင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဇွန် ၁၇ ရက်ထိ အဆိုပါ သစ်သီးဝလံများမှ ဖရဲသီး သခွားမွှေးသီး၊ သရက်သီး၊ ထောပတ်သီး၊ တစ်သျှူးငှက်ပျော၊ ငှက်ပျောသီး(ရိုးရိုး)၊ အုန်းသီး၊ MACADIMIA သီးနှင့် မက်မန်းသီး ဟူသည့် သစ်သီးဝလံကိုးမျိုးကို တန်ချိန် ၁၁၆၃၁၂ ဒသမ ၉ တန်ထိ တင်ပို့ရောင်းချပေးနိုင်ခဲ့သဖြင့် အမေရိကန်ဒေါ်လာ ၄၂ ဒသမ ၄၃၂ သန်းရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ သစ်သီးဝလံကိုးမျိုးကို တင်ပို့ရောင်းချပေးရာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၅၆ သန်း တန်ဖိုးရှိ ဖရဲသီး တန်ချိန် ၁၀၄၄ ဒသမ ၅ တန်၊ အမေရိကန်ဒေါ်လာ သုည ဒသမ ၇၉၂ သန်းတန်ဖိုးရှိ သခွားမွှေးသီးတန်ချိန် ၃၃၆၁ ဒသမ ၅ တန်၊ အမေရိကန်ဒေါ်လာ ၅ ဒသမ ၇၈၉ သန်းတန်ဖိုးရှိ သရက်သီးတန်ချိန် ၁၃၇၇၈ ဒသမ ၈ တန်၊ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၁ သန်းတန်ဖိုးရှိ ထောပတ်သီးတန်ချိန် ငါးတန်၊ အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၉၂၄ သန်းတန်ဖိုးရှိ တစ်သျှူး ငှက်ပျောတန်ချိန် ၈၈၃၈၃ တန်၊ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၁ သန်းတန်ဖိုးရှိ ငှက်ပျောသီး(ရိုးရိုး) တန်ချိန် ၄ ဒသမ ၅၀ တန်၊ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၁၂ သန်းတန်ဖိုးရှိ အုန်းသီးတန်ချိန် ၂၇၉ တန်၊ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၅ သန်းတန်ဖိုးရှိ MACADIMIA သီး တန်ချိန် ၅၀ နှင့် အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၇ သန်းတန်ဖိုးရှိ မက်မန်းသီးတန်ချိန် ၂၆ တန် စုစုပေါင်းအမေရိကန်ဒေါ်လာ ၄၂ ဒသမ ၄၃၂ သန်းတန်ဖိုးရှိ သစ်သီးဝလံကိုးမျိုးတန်ချိန် ၁၁၆၃၁၂ ဒသမ ၉ တန် တင်ပို့ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ပို့ကုန်လိုင်စင်လျှောက်ထားရန်လိုအပ်သော ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ စားသုံးဆီ အကောက်ခွန်လိုင်းပေါင်း ၁၈၁ လိုင်းအတွက် လိုင်စင်ကြိုတင်လျှောက်ထားနိုင်

ယခုနှစ် ဩဂုတ် ၁ ရက်တွင် စတင်အကျိုးသက်ရောက်မည့် ပို့ကုန်လိုင်စင်လျှောက်ထားရန်လိုအပ်သော ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ စားသုံးဆီ အကောက်ခွန်လိုင်းပေါင်း ၁၈၁ လိုင်းနှင့်ပတ်သက်၍ လိုင်စင်ကြိုတင်လျှောက်ထားနိုင်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန၏ သတင်းများအရသိရသည်။

ကုန်သွယ်ရေးဦးစီးဌာနသည် ယခုနှစ် မေ ၂၃ ရက်က ပို့ကုန်၊ သွင်းကုန်နှင့်ပတ်သက်၍ ပဲမျိုးစုံအတွက် အကောက်ခွန်လိုင်း ၅၃ လိုင်း၊ ဆီထွက်သီးနှံအတွက် အကောက်ခွန်လိုင်း ၁၈ လိုင်းနှင့် စားသုံးဆီအတွက် အကောက်ခွန်လိုင်း ၁၁၀ စုစုပေါင်း အကောက်ခွန်လိုင်း ၁၈၁ လိုင်းကို ပို့ကုန်လိုင်စင်လျှောက်ထားရန် လိုအပ်သောအကောက်ခွန်လိုင်းများအဖြစ် ယခုနှစ် ဩဂုတ် ၁ ရက်တွင် စတင်အကျိုးသက်ရောက်မည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကုန်စည်လိုင်းပေါင်း ၁၈၁ လိုင်းကို MACCS စနစ်တွင် ပို့ကုန်လိုင်စင်လိုအပ်သော အကောက်ခွန်လိုင်းများအဖြစ် ပြောင်းလဲထားရှိခဲ့ပြီးဖြစ်သောကြောင့် ပို့ကုန်၊ သွင်းကုန်စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ပို့ကုန်လိုင်စင်လျှောက်ထားရန်လိုအပ်သော အကောက်ခွန်လိုင်းပေါင်း ၁၈၁ လိုင်းအတွက် ဩဂုတ် ၁ ရက် မတိုင်ခင် လိုင်စင်ကြိုတင်လျှောက်ထားနိုင်ကြောင်းသိရသည်။

ပို့ကုန်ကြေညာလွှာတင်သွင်း၍ ကုန်ပစ္စည်းရောက်ရှိချိန်၌ ကြေညာချက်ပြောင်းလဲမည်ဆိုပါက အဆိုပါပို့ကုန်ကြေညာလွှာတွင် အခက်အခဲဖြစ်ပေါ်လာမည်ဖြစ်ပြီး အခက်အခဲဖြစ်ပေါ်လာပါက ဝန်ဆောင်မှုထပ်မံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကုန်သွယ်ရေးဦးစီးဌာန၏ သတင်းများအရသိရသည်။

**Source: ရတနာပုံသတင်းစာ**

## STOCK EXCHANGE (7.7.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 7th Jul. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,500 | -100 | -1.32% | 7,600 | 7,600 | 7,500 | 42 | 315,600 | 33,109,694 | 248,323 |
| MTSH | 00002 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,600 | 1,000 | 2,630,000 | 38,929,150 | 103,162 |
| MCB | 00003 | 7,300 | +0 | +0.00% | 7,300 | 7,300 | 7,300 | 3 | 21,900 | 10,400,986 | 75,928 |
| FPB | 00004 | 18,000 | +500 | +2.86% | 18,000 | 18,000 | 18,000 | 1 | 18,000 | 2,472,053 | 44,497 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,450 | 2,500 | 2,450 | 136 | 335,500 | 12,823,224 | 32,058 |
| EFR | 00006 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 0 | 0 | 19,977,223 | 49,943 |
| AMATA | 00007 | 4,900 | -100 | -2.00% | 4,900 | 4,900 | 4,900 | 84 | 411,600 | 10,497,598 | 51,438 |

### Market summary

As of 7th Jul. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 347.98 | -1.79 | -0.51% | 349.41 | 349.41 | 347.98 | 1,266 | 3,732,600 | 7 | 605,349 |

**Index chart**



# Market Overview

## Main Board

As of 1:00 pm, 7th Jul. 2022

| MYANPIX | 347.98 ▼ 1.79 |
|---|---|
| Total Volume (shares) | 1,266 |
| Total Value (MMK) | 4 mil |
| Listed Company | 7 |
| Market Cap. (MMK) | 605,349 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,500 | ▼ 100 |
| MTSH | 00002 | 2,650 | ▲ 0 |
| MCB | 00003 | 7,300 | ▲ 0 |
| FPB | 00004 | 18,000 | ▲ 500 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 2,500 | ▲ 0 |
| AMATA | 00007 | 4,900 | ▼ 100 |

TIR